MPE&VCA

Myanmar Private Equity &
Venture Capital Association

# SGB Toolkit

မြန်မာနိုင်ငံရှိ အရေးပါသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ
လုပ်ငန်းစဉ်များနှင့် ရင်းနှီးမြှုပ်နှံသူများအကြောင်း
ခြုံငုံသုံးသပ်ချက်

၂၀၂၁



# SGB Toolkit အကြောင်း အကျဉ်းချုပ်

# SGB Toolkit: အကျဉ်းချုပ်

| | ဈေးကွက်စီးပွားရေးဆိုင်ရာရင်းနှီးမြှုပ်နှံသူများအကြောင်း ဖွင့်ဆိုချက် (MEIP) – SGB Toolkit |
|---|---|
| **ရည်ရွယ်ချက်** | ဖွံ့ဖြိုးဆဲလုပ်ငန်းငယ် (SGBs) များအတွက် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစဉ်များ၊ ရင်းနှီးမြှုပ်နှံမှု အဓိကရင်းမြစ်များ၊ မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံမှု အခြေအနေများ၊ ရင်းနှီးမြှုပ်နှံသူအမျိုးအစားများ၊ လုပ်ငန်းချဲ့ထွင်ရန် ရင်းနှီးမြှုပ်နှံမှု ရှာဖွေရာတွင် အဓိက လိုအပ်ချက်များနှင့် ရင်းနှီးမြှုပ်နှံသူများ၏ အချက်အလက်အကျဉ်းချုပ်များ ပါဝင်သော အခြေခံ စံချိန်စံညွှန်းများဖြစ်ပြီး ဖွံ့ဖြိုးဆဲလုပ်ငန်းငယ် (SGBs) များနှင့် ရင်းနှီးမြှုပ်နှံသူများအကြား အသိပေးဆွေးနွေးမှုများပြုလုပ်ရာတွင် အဆင်ပြေချောမွေ့စေရန် ရည်ရွယ်ပါသည်။ |
| **လေ့လာသင့်သူများ** | မြန်မာနိုင်ငံရှိ ဖွံ့ဖြိုးဆဲလုပ်ငန်းငယ်များ (SGBs)<br>• စီးပွားဖြစ် လည်ပတ်နိုင်သော လုပ်ငန်းများ<br>• ဝန်ထမ်းအင်အား - ၅ ဦးမှ ၂၅၀ ဦး<br>• လုပ်ငန်းချဲ့ထွင်ရန် လိုအပ်သော မတည်ငွေ - US$ ၅ သောင်းမှ US$ သိန်း ၂၀ အထိ |
| **SGB Toolkit ဖြစ်ပေါ်လာပုံ** | • မြန်မာ့ပုဂ္ဂလိကရှယ်ယာရှင်များနှင့် လုပ်ငန်းရင်းနှီးရန်ပုံငွေအဖွဲ့အစည်းများ (MPE&VCA) မှ အဖွဲ့ဝင်များ၏ ထောက်ပံ့ဖြည့်စွက်ချက်များ ပါဝင်သော ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသန္တရ သုတေသနပြုချက်များကို စံနှုန်းကိုက်ညီအောင် ပြုပြင်ထားသည့် လမ်းညွှန်စာတမ်း<br>• MPE&VCA အဖွဲ့ဝင်များကို တိုက်ရိုက်အင်တာဗျူးပြုလုပ်ရာမှ သိရှိထားသော မြန်မာရင်းနှီးမြှုပ်နှံသူများ၏ တန်ဖိုးထားမှုများ |

*မှတ်ချက်။ Aspen Network of Development Entrepreneurs (ANDE) ၏ ဖွင့်ဆိုချက်များအတိုင်း ဖော်ပြထားပါသည်။*

# ရင်းနှီးမြှုပ်နှံမှုအကြောင်း အကျဉ်းချုပ်

# ရင်းနှီးမြှုပ်နှံမှုဆိုသည်မှာ မည်သည်နည်း?

*ရင်းနှီးမြှုပ်နှံမှုဆိုသည်မှာ စီးပွားရေးလုပ်ငန်းတစ်ခုလျှင်မြန်စွာကြီးထွားလာအောင် တိုးချဲ့ရန် အရင်းအမြစ်များနှင့် မတည်ငွေများ ထောက်ပံ့ခြင်းဖြစ်သည်။*
*ပိုင်ဆိုင်မှုနှင့်လဲလှယ်သော ရှယ်ယာရင်းနှီးမြှုပ်နှံမှုနှင့် အတိုးငွေရယူသည့် ကြွေးမြီပေး ဘဏ္ဍာရေးရင်းနှီးမြှုပ်နှံမှုဟူ၍ ၂ မျိုး ရှိပါသည်။*



**မျိုးစေ့ချအဆင့်**
ကနဦး ရင်းနှီးမြှုပ်နှံငွေ (များသောအားဖြင့် ကိုယ်ပိုင်စုငွေ) ဖြင့် ထုတ်ကုန်(သို့) သဘောတရားတစ်ခုကို ကုမ္ပဏီက စတင်ဖန်တီးသည့် အဆင့်ဖြစ်သည်။

**အစောပိုင်းအဆင့်**
ကုမ္ပဏီကို လူသိလာပြီး အခြေခံလည်ပတ်မှုပုံစံ တိုးတက်လာသည့်အဆင့်ဖြစ်သည်။

**အလယ်အလတ်အဆင့်**
ကုမ္ပဏီ၏ ထုတ်ကုန်သည် ဈေးကွက်တွင် ဝင်ဆန့်လာပြီး သုံးစွဲသူလည်း များလာသည်။

**နောက်ပိုင်းအဆင့်**
ကုမ္ပဏီသည် ဈေးကွက်သစ်များသို့ စတင်၍ ထိုးဖောက်ဝင်ရောက်လာပြီး လုပ်ငန်းလည်ပတ်မှု တိုးတက်လာသည်။

**ရင့်ကျက်သောအဆင့်**
ကုမ္ပဏီသည် ကြီးမားစွာတိုးတက်နေပြီး ဆက်လက်တိုးချဲ့သည် (သို့) ကုမ္ပဏီကို ရောင်းချလိုက် သည် (သို့) အများပိုင် ကုမ္ပဏီ အဖြစ်သို့ ပြောင်းလဲလိုက်သည်။

လုပ်ငန်းငယ်များအနေဖြင့် ပြင်ပမှ ရရှိသော လုပ်ငန်းတိုးချဲ့ရန် မတည်ငွေသည် လုပ်ငန်းငယ်များကို တိုးချဲ့ခြင်း၊ စီးပွားရေးတွင် အားထားရသည့် အဆက်အသွယ်များ တည်ဆောက်ခြင်းနှင့် ထိခိုက်မှုအန္တရာယ်လျှော့ချခြင်းများပြုလုပ်ရန် အခွင့်အရေးပေးခြင်းပင်ဖြစ်သည်။

# ကြွေးမြီပေးမတည်ငွေနှင့် ရှယ်ယာပေးမတည်ငွေဆိုသည်မှာ မည်သည်နည်း?

*ကြွေးမြီပေးမတည်ငွေနှင့် ရှယ်ယာပေးမတည်ငွေနှစ်မျိုးစလုံးကို လုပ်ငန်းတိုးချဲ့ရာတွင် အသုံးပြုကြသော်လည်း လုပ်ငန်းလိုအပ်ချက်နှင့် SGB အမျိုးအစားအပေါ်မူတည်ပြီး တစ်မျိုးက တစ်မျိုးထက်ပို၍ သင့်တော်နေတတ်ပါသည်။*

| | ကြွေးမြီပေး မတည်ငွေ | ရှယ်ယာပေး မတည်ငွေ |
|---|---|---|
| အကျဉ်းချုပ် | ပိုက်ဆံချေးငှားခြင်းဖြစ်ပြီး အချိန်အတိုင်းအတာ တစ်ခုအတွင်းတွင် အရင်းနှင့်အတိုးပေါင်း၍ ပြန်ဆပ်ရပါသည်။ | ရင်းနှီးမြှုပ်နှံငွေပမာဏ တက်လာစေရန် ကုမ္ပဏီ၏ ရှယ်ယာများကို ရောင်းချ (လဲလှယ်) လိုက်ခြင်း ဖြစ်ပါသည်။ |
| မတည်ငွေရရှိရာ ရင်းမြစ် | ဘဏ်များနှင့် ဖွံ့ဖြိုးရေးရန်ပုံငွေအဖွဲ့အစည်း (DFI) များ။ | မိသားစုနှင့် မိတ်ဆွေများ၊ ပုဂ္ဂလိကနှင့် မျိုးစေ့ချ ရင်းနှီးမြှုပ်နှံသူများ၊ လုပ်ငန်းဖွံ့ဖြိုးမှုအရှိန် မြှင့်တင်ပေးသူများ၊ လုပ်ငန်းရင်းနှီးရန်ပုံငွေအဖွဲ့အစည်းများ (VC)၊ ပုဂ္ဂလိကရှယ်ယာ (PE) လုပ်ငန်းများနှင့် DFI များ။ |
| SGB အမျိုးအစား | • အပေါင်ပစ္စည်းပေးထားနိုင်သော ကုမ္ပဏီများ။<br>• ပိုင်ဆိုင်မှုမဆုံးရှုံးစေရန် ရေတိုဘဏ္ဍာရေးစီမံကိန်းတစ်ခု ချမှတ်ထားနိုင်သော ကုမ္ပဏီများ။<br>• အတိုးမှန်မှန်ပေးနိုင်ရန် ပုံမှန်ဝင်ငွေ ရှိသော ကုမ္ပဏီများ။ | • ဖွံ့ဖြိုးမှုအလားအလာကြီးမားသည့် လုပ်ငန်းများ။<br>• ကုမ္ပဏီဖွံ့ဖြိုးကြီးထွားရန်အတွက် ရင်းနှီးမြှုပ်နှံသူ၏ ကျွမ်းကျင်မှုနှင့် အဆက်အသွယ်များကိုရရှိစေရန် ရှယ်ယာပိုင်ဆိုင်မှုကို ဝေမျှပေးလိုသော ဆန္ဒရှိသည့် ကုမ္ပဏီများ။ |
| အဓိက အကျိုးကျေးဇူးများ | • ကုမ္ပဏီကို တစ်ဦးတည်း ဆက်လက်ပိုင်ဆိုင်ခွင့်ရပါသည်။<br>• အပေါင်ပစ္စည်းပေးထားနိုင်သူများ အသုံးပြုလေ့ရှိသည့်နည်း ဖြစ်သည်။ | • ရင်းနှီးမြှုပ်နှံသူ၏ ကျွမ်းကျင်မှုနှင့် အဆက်အသွယ်အကူအညီများ ရရှိမည်။<br>• ငွေကြေးလိုအပ်မှုပမာဏ လျော့နည်းစေသည်။ |
| အဓိက တာဝန်များ | • အတိုးငွေပေါင်းပြီး ယူထားသည့်ပမာဏထက်ပိုကာ အချိန်မီ ပေးဆပ်ရပါမည်။<br>• များသောအားဖြင့် အိမ်၊ ခြံ၊ မြေ ကို အပေါင်အဖြစ် ပေးထားရပါမည်။ | • ရင်းနှီးမြှုပ်နှံသူနှင့် သဘောတူထားသည့်အတိုင်း ကုမ္ပဏီ၏ ရှယ်ယာ ကို ခွဲဝေပေးရပါမည်။<br>• ရင်းနှီးမြှုပ်နှံသူနှင့် ဆုံးဖြတ်ချက်များကို အတူတကွ ချမှတ်ရပါမည်။<br>• ရင်းနှီးမြှုပ်နှံသူနှင့် သဘောတူထားသည့် အောင်မြင်မှုမှတ်တိုင်များဆီ ရောက်အောင် ကြိုးစားရပါမည်။ |

*မှတ်ချက်။ ။ ရှယ်ယာအဖြစ်ပြောင်းလဲနိုင်သော ကြွေးမြီ စသည်ဖြင့် ရွေးချယ်စရာနည်းလမ်းများ ရှိသည့်အပြင် ပုဂ္ဂလိကရှယ်ယာလုပ်ငန်းများတွင်လည်း အတိုင်းအတာတစ်ခုအထိ ကြွေးမြီချပေးလေ့ရှိပါသည်။*

# ရင်းနှီးမြှုပ်နှံမှု အဓိကရင်းမြစ်များမှာ မည်သည်များနည်း?

*စွန့်ဦးတီထွင်သူလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းဖွံ့ဖြိုးမှုမြန်ဆန်စေရန် ရွေးချယ်စရာ ရင်းနှီးမြှုပ်နှံမှုရင်းမြစ်ပေါင်း များစွာရှိပါသည်။*

| ရင်းနှီးမြှုပ်နှံမှုရင်းမြစ် | ဖွင့်ဆိုချက် |
|---|---|
| **မိသားစုနှင့် မိတ်ဆွေများ** | မိသားစုနှင့်မိတ်ဆွေများအပြင် မျိုးစေ့ချအဆင့်မတိုင်မီ ရင်းနှီးမြှုပ်နှံခြင်း (သို့) ချေးငွေထုတ်ပေးခြင်းများ ပြုလုပ်ပေးသော လုပ်ငန်းရှင်များ၏ ကျယ်ပြန့်သော အဆက်အသွယ်များ ပါဝင်ပါသည်။ |
| **ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများ** | မိမိ၏ကိုယ်ပိုင်ငွေကို အစောပိုင်းအဆင့်တွင် မတည်ငွေအဖြစ်ထုတ်ပေးသော ပုဂ္ဂိုလ်များဖြစ်ပြီး များသောအားဖြင့် အင်မတန်ကြွယ်ဝချမ်းသာသူများ ဖြစ်ကြပါသည်။ |
| **မျိုးစေ့ချ ရင်းနှီးမြှုပ်နှံသူများ** | ကနဦးမတည်ငွေထုတ်ပေးသော ရင်းနှီးမြှုပ်နှံသူများဖြစ်သည်။ ထို မတည်ငွေကို စီးပွားရေးစီမံကိန်းချမှတ်ခြင်း၊ သုတေသနပြုခြင်းနှင့် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကဲ့သို့သော လုပ်ငန်းစတင်တည်ထောင်ချိန်တွင် ကုန်ကျသည့် ကနဦးစရိတ် (သို့) လုပ်ငန်းစတင်လည်ပတ်ရမည့် အသုံးစရိတ်အဖြစ် အသုံးချလေ့ရှိပါသည်။ |
| **လုပ်ငန်းဖွံ့ဖြိုးမှု အရှိန်မြှင့်တင်ပေးသူများ** | လုပ်ငန်းဖွံ့ဖြိုးမှုအရှိန် မြှင့်တင်ပေးသူများသည် အဖွဲ့လိုက်သင်ကြားရေးပုံစံဖြင့် ကာလတို (၃-၆ လ) သင်တန်းများ ပို့ချပေးပြီး အစောပိုင်းအဆင့်ကုမ္ပဏီများကို ဘဏ္ဍာရေးအထောက်အပံ့များလည်း ပေးလေ့ရှိပါသည်။ |
| **လုပ်ငန်းပျိုးထောင်ပေးသူများ** | လုပ်ငန်းပျိုးထောင်ပေးသူများသည် လုပ်ငန်းများကို အလုပ်ခွင်နေရာပေးခြင်း၊ အုပ်ချုပ်ရေးအပိုင်းတွင်ကူညီပေးခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်း၊ ငွေလုံးငွေရင်း (သို့) ရင်းနှီးမြှုပ်နှံသူများအား ဆက်သွယ်ခွင့်ရစေခြင်းတို့ကို လုပ်ငန်း အစောပိုင်းကာလအတွင်း (၁-၅ နှစ်အထိ) အခကြေးငွေသတ်မှတ်၍ (သို့) ရှယ်ယာရယူ၍ ကူညီတတ်ကြပါသည်။ |
| **လုပ်ငန်းရင်းနှီးရန်ပုံငွေအဖွဲ့အစည်းများ** | များသောအားဖြင့် ဖွံ့ဖြိုးမှုအလားအလာကောင်းလှသော ကုမ္ပဏီများ၏ အစောပိုင်းအဆင့်တွင် ရှယ်ယာများဝယ်ယူကာ ရင်းနှီးမြှုပ်နှံလေ့ရှိကြသည်။ စီးပွားရေးအိုင်ဒီယာများကို စွန့်စားလုပ်ကိုင်ရပြီး အကျိုးအမြတ်များစွာ ရှာနိုင်ပေးသော အလားအလာကောင်းသည့် ကုမ္ပဏီများကို ပစ်မှတ်ထားလေ့ရှိပါသည်။ |
| **ပုဂ္ဂလိကရှယ်ယာလုပ်ငန်းများ** | ပြင်ပသို့ ရှယ်ယာရောင်းချလေ့မရှိသည့် ကုမ္ပဏီများတွင် ကာလလတ်မှ ကာလရှည် ငွေကြေးရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခြင်း ဖြစ်ပါသည်။ ပိုမိုကြီးမားပြီး အခြေခိုင်သည့် ကုမ္ပဏီများကို ပစ်မှတ်ထားခြင်းမှာ လုပ်ငန်းရင်းနှီးရန်ပုံငွေအဖွဲ့ အစည်းများနှင့် မတူသည့်အချက်ဖြစ်ပါသည်။ |
| **ဘဏ်များ (အသေးစားနှင့် အလတ်စား ချေးငွေလုပ်ငန်း)** | ဘဏ်များသည် အသေးစားနှင့်အလတ်စားလုပ်ငန်းများအတွက် ရန်ပုံငွေနှင့် ထောက်ပံ့မှုအဖြစ် အသေးစားနှင့်အလတ်စား (SME) ချေးငွေ ထုတ်ပေးတတ်ကြပါသည်။ |
| **ထောက်ပံ့ငွေ** | အများအားဖြင့် ထောက်ပံ့ငွေကို အစိုးရ (သို့) ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တို့က ပေးကမ်းလေ့ရှိပြီး ပြန်လည်ပေးဆပ်ရမည့်တာဝန် မရှိတတ်ပါ။ သို့သော် ထောက်ပံ့ငွေမချီးမြှင့်မီ ငွေယူသူအနေဖြင့် ပူးတွဲဆွေးနွေးခြင်းများ ပြုလုပ်ပြီး လုပ်ငန်းလည်ပတ်မှု၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ဆောင်မှုပြည့်ွန်ကိန်း (KPIs) စသည့် အရေးပါသော အချက်အလက်များ ပြည့်မီရန် လိုအပ်ပါသည်။ |
| **ပြည်သူ့အဖွဲ့အစည်း/ ဖွံ့ဖြိုးရေး ရန်ပုံငွေအဖွဲ့အစည်း (DFIs)** | ချေးငွေနှင့် အကျိုးတူရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် ပုဂ္ဂလိကကဏ္ဍ ရေရှည်တည်တံ့ရေး အထောက်အကူပြုပေးသည့် အစိုးရမှထောက်ပံ့သော အဖွဲ့အစည်းများဖြစ်သည်။ ဖွံ့ဖြိုးရေးရန်ပုံငွေအဖွဲ့အစည်း (DFIs) များသည် သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် အုပ်ချုပ်ရေး (ESG) အခြေခံမှုများကို တည်မြဲစေရန် တာဝန်ယူသည့်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံလေ့ရှိသည်။ |
| **အဖွဲ့အစည်းဆိုင်ရာ/ လက်လီ ရင်းနှီးမြှုပ်နှံသူများ (IPOs)** | ကုမ္ပဏီ၏ရှယ်ယာများကို အများပြည်သူထံ ပထမဆုံးရောင်းချချိန် (IPO) တွင် ရှယ်ယာများကို အစုရှယ်ယာဈေးကွက်စာရင်းရှိ အဖွဲ့အစည်းဆိုင်ရာ (သို့) လက်လီရင်းနှီးမြှုပ်နှံသူများထံ ရောင်းချပါသည်။ IPOs များကို ပုဂ္ဂလိကရှယ်ယာရှင်များ၏ ရင်းနှီးမြှုပ်နှံမှုများကို ငွေသားအဖြစ် ပြောင်းပြီး လက်ရှိရှယ်ယာများရောင်းဝယ်မှုကို အဆင်ပြေစေရန် (သို့) အနာဂတ်ရန်ပုံငွေရှာဖွေရန်အတွက် အသုံးချနိုင်ပါသည်။ |

# ရင်းနှီးမြှုပ်နှံမှုအတွက် စီးပွားရေးအဆင့်များမှာ မည်သည်တို့နည်း?

*ကုမ္ပဏီသက်တမ်းတစ်လျှောက်တွင် ရင်းနှီးမြှုပ်နှံမှုများ ရှာဖွေနိုင်ပြီး အဆင့် ၅ ဆင့်အဖြစ် ခွဲခြားသတ်မှတ်နိုင်ပါသည်။*



# ရင်းနှီးမြှုပ်နှံသူများက မည်သည့်လုပ်ငန်းအဆင့်ကို ပစ်မှတ်ထားတတ်ပါသနည်း?

*ရင်းနှီးမြှုပ်နှံသူအမျိုးအစားအပေါ်မူတည်၍ စီးပွားရေးလုပ်ငန်းအဆင့်အမျိုးမျိုးတွင် ရင်းနှီးမြှုပ်နှံမှုပမာဏအမျိုးမျိုးဖြင့် ရန်ပုံငွေထောက်ပံ့နိုင်ပါသည်။*

| **အဆင့်များ** | **၁။ မျိုးစေ့ချ အဆင့်** | **၂။ အစောပိုင်း အဆင့်** | **၃။ အလယ်အလတ် အဆင့်** | **၄။ နောက်ပိုင်း အဆင့်** | **၅။ ရင့်ကျက် အဆင့်** |
|---|---|---|---|---|---|
| **အဓိကလုပ်ငန်း** | လုပ်ငန်းအိုင်ဒီယာဖြစ်ပေါ်ခြင်း | လုပ်ငန်းစတင်ခြင်း | လုပ်ငန်းကြီးထွားခြင်း | လုပ်ငန်းကျယ်ပြန့်လာခြင်း | လုပ်ငန်းတည်ငြိမ်ရင့်ကျက်လာခြင်း |
| **ရင်းနှီးမြှုပ်နှံသူ အမျိုးအစားများ** | မိသားစုနှင့် မိတ်ဆွေများ<br>ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများ<br>မျိုးစေ့ချ ရင်းနှီးမြှုပ်နှံသူများ<br>လုပ်ငန်းပျိုးထောင်ပေးသူများ<br>လုပ်ငန်းဖွံ့ဖြိုးမှု အရှိန် မြှင့်တင်ပေးသူများ<br>လုပ်ငန်းရင်းနှီးရန်ပုံငွေအဖွဲ့အစည်းများ<br>ဘဏ်များ (အသေးစားနှင့် အလတ်စား ချေးငွေလုပ်ငန်း)နှင့် ထောက်ပံ့ငွေများ<br>ပုဂ္ဂလိကရှယ်ယာလုပ်ငန်းများ<br>ပြည်သူ့အဖွဲ့အစည်း/ ဖွံ့ဖြိုးရေး ရန်ပုံငွေအဖွဲ့အစည်း (DFIs)<br>အဖွဲ့အစည်းဆိုင်ရာ/ လက်လီ ရင်းနှီးမြှုပ်နှံသူများ (IPOs) | | | | |
| **ရင်းနှီးမြှုပ်နှံမှု အရွယ်အစား အညွှန်း** | US$ ၅ သောင်းအောက် | US$ ၃ သောင်းမှ ၅ သိန်း | US$ ၃ သိန်းမှ ၂ သန်း | US$ ၁ သန်းမှ ၁၀ သန်း | US$ ၁၀ သန်း အထက် |

*မှတ်ချက်။ ရင်းနှီးမြှုပ်နှံသူများသည်လည်း အခြားသော ရင်းနှီးမြှုပ်နှံသူများနှင့်လက်တွဲကာ စုပေါင်းရန်ပုံငွေ ဖန်တီးနိုင်ကြပါသည်။*

# မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံမှုအခြေအနေများ

# မြန်မာနိုင်ငံရှိ အဓိက ရင်းနှီးမြှုပ်နှံသူများမှာ မည်သူများနည်း?

*ထွန်းသစ်စ ဈေးကွက်သစ်တစ်ခုဖြစ်သည့်အလျောက် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအခြေအနေမှာ ဖွံ့ဖြိုးစအခြေအနေ၌သာရှိနေသေးပြီး လုပ်ငန်းရင်းနှီးရန်ပုံငွေ အဖွဲ့အစည်းများ နှင့် ပုဂ္ဂလိကရှယ်ယာကုမ္ပဏီများက အဓိက လွှမ်းမိုးထားပါသည်။*

## လုပ်ငန်းဖွံ့ဖြိုးမှု အရှိန်မြှင့်တင်ပေးသူများနှင့် လုပ်ငန်းပျိုးထောင်ပေးသူများ

- Phandeeyar
- (1)

## ပုဂ္ဂလိကရှယ်ယာလုပ်ငန်းများ (PE Firms)

- ANTHEM ASIA
- MYANMAR STRATEGIC HOLDINGS
- DELTA CAPITAL MYANMAR
- Daiwa PI Partners
- αscent
- EMIA Emerging Markets Investment Advisers

## ပြည်သူ့အဖွဲ့အစည်း/ ဖွံ့ဖြိုးရေး ရန်ပုံငွေအဖွဲ့အစည်းများ (DFIs)

- FMO Entrepreneurial Development Bank
- CDC Investment works
- IFC International Finance Corporation, World Bank Group – Creating Markets, Creating Opportunities
- Norfund
- DFC
- KFW DEG

## လုပ်ငန်းရင်းနှီးရန်ပုံငွေအဖွဲ့အစည်းများ (VC Firms)

- EME Emerging Markets Entrepreneurs
- Yangon Capital Partners
- CITY VENTURES
- ANDAMAN CAPITAL PARTNERS
- INSITOR MANAGEMENT
- ICM Infrastructure Capital for Development in Myanmar
- YGA

# ရင်းနှီးမြှုပ်နှံမှုအရွယ်အစားနှင့်အမျိုးအစားများ မည်သို့ရှိပါသနည်း?

*ရင်းနှီးမြှုပ်နှံသူများသည် အဆင့်အမျိုးမျိုးတွင်ရှိသော ကုမ္ပဏီများကို ရှာဖွေလေ့ရှိကြပြီး ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ရင်းနှီးမြှုပ်နှံသူအမျိုးအစားနှင့်ဦးစားပေးကဏ္ဍအပေါ်တွင် မူတည်ပါသည်။*



# ရင်းနှီးမြှုပ်နှံသူများသည် မည်သည့်ကဏ္ဍများကို ဦးစားပေးပါသလဲ? [၁/၂]

*ရင်းနှီးမြှုပ်နှံသူအများစုတွင် ဦးစားပေးလုပ်ငန်းကဏ္ဍအချို့ ရှိတတ်ကြသော်လည်း ကဏ္ဍအားလုံးရှိ ရင်းနှီးမြှုပ်နှံမှုများကို အကဲဖြတ်ပေးရန် အဆင်သင့်ရှိနေတတ်ကြပါသည်။*

| | နည်းပညာ၊ တယ်လီကွန်းနှင့် မီဒီယာ (TMT) | စိုက်ပျိုးရေး | ပြည့်ဖြိုးမြဲ စွမ်းအင် | ပညာရေး | ဘဏ္ဍာရေး ဝန်ဆောင်မှုများ | ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း | ပို့ဆောင်ရေးနှင့် ကုန်စည် ထောက်ပံ့ ပို့ဆောင်ရေး | နေ့စဉ်သုံး လူသုံးကုန်ပစ္စည်း များ (FMCG) | အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးရေး | ကျန်းမာရေး စောင့်ရှောက်မှု |
|---|---|---|---|---|---|---|---|---|---|---|
| Phandeeyar | ✓ | | | | | | | | | |
| one to watch | | ✓ | ✓ | | | | | ✓ | | |
| ICM Infrastructure Capital for Development in Myanmar | | ✓ | ✓ | | | | ✓ | | ✓ | |
| CITY VENTURES | ✓ | | | | | | ✓ | ✓ | | |
| INSITOR MANAGEMENT | | ✓ | ✓ | ✓ | ✓ | | | | ✓ | ✓ |
| YGA | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ |
| Yangon Capital Partners | ✓ | ✓ | | ✓ | | | | | | ✓ |
| EME Emerging Markets Entrepreneurs | | | | ✓ | | | ✓ | ✓ | | ✓ |
| ANDAMAN CAPITAL PARTNERS | | | ✓ | | ✓ | | | | | |
| ANTHEM ASIA | | ✓ | | ✓ | ✓ | | ✓ | ✓ | | ✓ |
| MYANMAR STRATEGIC HOLDINGS | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | | ✓ |

# ရင်းနှီးမြှုပ်နှံသူများသည် မည်သည့်ကဏ္ဍများကို ဦးစားပေးပါသလဲ? [၂/၂]

*ရင်းနှီးမြှုပ်နှံသူအများစုတွင် ဦးစားပေးလုပ်ငန်းကဏ္ဍအချို့ ရှိတတ်ကြသော်လည်း ကဏ္ဍအားလုံးရှိ ရင်းနှီးမြှုပ်နှံမှုများကို အကဲဖြတ်ပေးရန် အဆင်သင့်ရှိနေတတ်ကြပါသည်။*

| | နည်းပညာ၊ တယ်လီကွန်းနှင့် မီဒီယာ (TMT) | စိုက်ပျိုးရေး | ပြည့်ဖြိုးမြဲ စွမ်းအင် | ပညာရေး | ဘဏ္ဍာရေး ဝန်ဆောင်မှုများ | ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း | ပို့ဆောင်ရေးနှင့် ကုန်စည် ထောက်ပံ့ ပို့ဆောင်ရေး | နေ့စဉ်သုံး လူသုံးကုန်ပစ္စည်း များ (FMCG) | အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးရေး | ကျန်းမာရေး စောင့်ရှောက် မှု |
|---|---|---|---|---|---|---|---|---|---|---|
| EMIA | ✓ | ✓ | ✓ | ✓ | ✓ | ✓ | | ✓ | | ✓ |
| Daiwa PI Partners | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | | ✓ |
| ascent | ✓ | | | ✓ | ✓ | | | ✓ | | ✓ |
| DELTA CAPITAL MYANMAR | ✓ | ✓ | | ✓ | ✓ | | | ✓ | | ✓ |
| FMO | | ✓ | ✓ | | ✓ | | | | ✓ | |
| CDC | ✓ | ✓ | | | ✓ | | | | ✓ | ✓ |
| IFC | ✓ | ✓ | ✓ | | ✓ | ✓ | | | ✓ | |
| Norfund | ✓ | ✓ | ✓ | | ✓ | | | | ✓ | |
| KFW DEG | | ✓ | | | ✓ | | | | ✓ | ✓ |
| DFC | ✓ | | | ✓ | ✓ | | | | ✓ | ✓ |

# ရင်းနှီးမြှုပ်နှံသူတို့၏ တန်ဖိုးထားမှုများ

# ရင်းနှီးမြှုပ်နှံသူများသည် SGBs များ၏မည်သည့်အရာများကို တန်ဖိုးထားပါသနည်း

*ရင်းနှီးမြှုပ်နှံသူတို့သည် SGB များ၏ တန်ဖိုးတိုးတက်စေမှုအားကောင်းခြင်းနှင့် ခိုင်မာသော စီမံခန့်ခွဲရေးအဖွဲ့တို့ကို ဦးစားပေးသော်လည်း အခြားကဏ္ဍများတွင် တိုးတက်စေရန်ကိုလည်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစဉ်များမှတစ်ဆင့် မပြတ်ထောက်ပံ့ပေးတတ်ပါသည်။*

| အခြေခံအုတ်မြစ် | တန်ဖိုး<br>တိုးတက်စေခြင်း | စီမံခန့်ခွဲရေးအဖွဲ့ ရှိခြင်း | တာဝန်ယူမှုရှိသည့်<br>စီးပွားရေးလုပ်ငန်းဖြစ်ခြင်း | စီးပွားရေးနှင့်<br>ဘဏ္ဍာရေးစီမံကိန်းများ<br>ချမှတ်ထားခြင်း |
|---|---|---|---|---|
| ကဏ္ဍခွဲများ | ✓ ကုန်စည် (သို့) ဝန်ဆောင်မှု၏ ဆွဲဆောင်နိုင်စွမ်း<br>✓ ဈေးကွက်တွင်း ဝယ်လိုအားရှိခြင်း<br>✓ အကျိုးအမြတ်အရ ဆွဲဆောင်နိုင်စွမ်း | ✓ လုပ်ငန်းနယ်ပယ်တွင်း ကျွမ်းကျင်မှု ရှိခြင်း<br>✓ သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ ရှိခြင်း<br>✓ ကုမ္ပဏီဖွဲ့စည်းပုံနှင့် ရည်မှန်းချက်များ ရှိခြင်း | ✓ သဘာဝပတ်ဝန်းကျင်နှင့် လူ့အဖွဲ့အစည်းအပေါ် သက်ရောက်မှု နည်းပါးခြင်း<br>✓ စီးပွားရေးသမာသမတ်ရှိခြင်း<br>✓ ကော်ပိုရိတ် စီမံအုပ်ချုပ်မှုစနစ်ရှိခြင်း | ✓ စီးပွားရေးစီမံကိန်း ချမှတ်ထားခြင်း<br>✓ ဘဏ္ဍာရေးစီမံကိန်း ချမှတ်ထားခြင်း<br>✓ ရင်းနှီးမြှုပ်နှံမှုစီမံကိန်း ချမှတ်ထားခြင်း |
| အကျိုးအကြောင်းဖော်ပြချက် | ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ကုမ္ပဏီ၏ ကုန်စည် (သို့) ဝန်ဆောင်မှုတို့၏ ဆွဲဆောင်နိုင်စွမ်းနှင့် ပစ်မှတ်ထားထားသော ဈေးကွက်တစ်ခုအတွင်း ဆွဲဆောင်နိုင်စွမ်းတို့ကို ယှဉ်တွဲလေ့လာကြည့်လျှင် ကုမ္ပဏီ၏ တစ်မူထူးကဲသည့် အသွင်အပြင်နှင့် ဆက်လက်ဖွံ့ဖြိုးနိုင်သည့်အလားအလာတို့ကို ချိန်ဆကြည့် နိုင်ပါသည်။ အကျိုးအမြတ်အရ ဆွဲဆောင်နိုင်စွမ်းကို လေ့လာခြင်းအားဖြင့်လည်း လုပ်ငန်းတစ်ခုသည် စီးပွားရေးအရ ရင်းနှီးမြှုပ်နှံသင့်သောလုပ်ငန်းတစ်ခုဖြစ်/မဖြစ် အကဲဖြတ်၍ ရနိုင်ပါသည်။ | ကုမ္ပဏီများ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်စွမ်းတို့သည် ထိုလုပ်ငန်းကို တည်ထောင်သူများနှင့် စီမံခန့်ခွဲမှုအဖွဲ့တို့အပေါ်တွင် ကြီးမားစွာ မှီခိုနေသောကြောင့်အဆိုပါနေရာများကို ဆက်လက် တာဝန်ယူမည့်သူများလျာထားခြင်းသည်လည်း အရေးပါသည့်အချက်ဖြစ်ပါသည်။ ခိုင်မာသည့်စီမံခန့်ခွဲရေးအဖွဲ့ဆိုသည်မှာ ရည်မှန်းချက်ပန်းတိုင်များ ချမှတ်နိုင်ခြင်း၊ ချောမွေ့စွာအကောင်အထည်ဖော်ခြင်းတို့အပြင် အဖွဲ့ကိုလည်း ပိုမိုကြီးမားသော ရည်မှန်းချက် ပန်းတိုင် များဆီသို့ လှမ်းချီနိုင်ရန် စိတ်ဓာတ်ခွန်အား ပေးနိုင်စွမ်းရှိခြင်းတို့ကို ဆိုလိုပါသည်။ | တာဝန်ယူမှုရှိသည့်လုပ်ငန်းဖြစ်သည်၊ မဖြစ်သည်ကို ဆန်းစစ် အကဲဖြတ်ခြင်းအားဖြင့် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည့်သူအနေနှင့် ဖြစ်ပေါ်လာနိုင်သည့် ပြဿနာများကို ကြိုတင်ခန့်မှန်းရာတွင် အထောက် အကူဖြစ်သည့်အပြင် ကုမ္ပဏီအနေဖြင့် လူ့အဖွဲ့အစည်းအပေါ်တွင် ကောင်းမွန်သော သက်ရောက်မှုရှိခြင်းကိုလည်း သေချာစေပါသည်။ ဤအချက်သည် ကောင်းမွန်သောသက်ရောက်မှု ရှိစေရန်ရည်ရွယ်သည့် ရင်းနှီးမြှုပ်နှံသူများ အတွက်လည်း ရည်ရွယ်ချက်ပြည့်မီ စေသောကြောင့်အလွန်အရေးပါသည့် အချက်တစ်ချက်ဖြစ်ပါသည်။ | ကုမ္ပဏီများအနေနှင့် ခိုင်မာသော စီးပွားရေး၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ ကောင်းစွာချမှတ်ထားခြင်းဖြင့် ရင်းနှီးမြှုပ်နှံသူများကို စည်းရုံးသိမ်းသွင်းရန် အခွင့်အလမ်းပိုမိုများပြားစေပြီး ထိုသူတို့နှင့် အသိပေးဆွေးနွေးမှုများ ပြုလုပ်ရာတွင်လည်း ပိုမိုအဆင်ပြေချောမွေ့စေပါသည်။ |

*မှတ်ချက် - ကုမ္ပဏီတိုင်းသည် တစ်မူထူးခြားကောင်းမွန်နေတတ်ပါသည်။ ဤမေးခွန်းလွှာသည် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အဓိကအရေးပါသည့်လိုအပ်ချက်များကို လမ်းညွှန်ပေးရန်သာ ရည်ရွယ်ပါသည်။ ထို့ကြောင့် လူကြီးမင်း၏ ရင်းနှီးမြှုပ်နှံရန် အဆင်သင့်ဖြစ်မှုအဆင့်နှင့်ပတ်သတ်ပြီး အကျယ်တဝင့်ဆွေးနွေး အကဲဖြတ်နိုင်ရန် MPEVCA နှင့် ဤနေရာ တွင်ဖော်ပြထားသော MPEVCA အဖွဲ့ဝင်များထံ ဆက်သွယ်ပေးစေလိုပါသည်။*

# ESG သတ်မှတ်ချက်များမှာ အဘယ်နည်း?

*သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် အုပ်ချုပ်ရေး (ESG) သတ်မှတ်ချက်များဆိုသည်မှာ ရင်းနှီးမြှုပ်နှံသူများက အပြုသဘောဆောင်သည့် သက်ရောက်မှုများ ဖြစ်ပေါ်စေပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသော ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် စစ်ဆေးသည့် အဓိက အချက် ၃ ချက်ဖြစ်သည်။*

**သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အချက်များ** - ကုမ္ပဏီသည် သဘာဝသယံဇာတများကို ကန့်သတ်ချက်အတွင်း ထိရောက်စွာအသုံးချပြီး ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်အောင် ထိန်းသိမ်းခြင်းဖြစ်ပါသည်။

**လူမှုရေးအချက်များ** - ကုမ္ပဏီနှင့် ဝန်ထမ်းများ၊ ပြင်ပရှယ်ယာပိုင်ရှင်များ၊ လူ့အဖွဲ့အစည်းနှင့် ကုန်ပစ္စည်းတင်ပို့သူများအကြား ဆက်ဆံရေး ကောင်းမွန်မှုကို ဆိုလိုပါသည်။ သို့မှသာ ကုမ္ပဏီ၏ လုပ်ဆောင်ချက်များသည် လုပ်ငန်းနှင့် တိုက်ရိုက် (သို့) သွယ်ဝိုက်၍ ပါဝင်နေကြသူတို့၏ လူနေမှုဘဝကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

**အုပ်ချုပ်ရေးဆိုင်ရာ အချက်များ** - ESG စံနှုန်းမီရေးကို ဦးစားပေးပြီး လိုအပ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်သည့်အပြင် ရှယ်ယာရှင်များ၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားတတ်သည့် ကုမ္ပဏီအတွင်း ခေါင်းဆောင်မှုကို ဆိုလိုပါသည်။




*မှတ်ချက်: IFC Exclusion List နိုင်ငံတကာဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) မှ မထောက်ပံ့သော လုပ်ငန်းများစာရင်း - လက်နက်များ၊ (ဝိုင်နှင့်ဘီယာမှလွဲ၍) အရက်ပါဝင်သော ယမကာများ၊ ဆေးရွက်ကြီး၊ လောင်းကစားနှင့် ကာစီနိုဝိုင်းများ၊ (ဆေးဘက်ဆိုင်ရာ ကိရိယာများမှလွဲ၍) ရေဒီယိုသတ္တိကြွပစ္စည်းများထုတ်လုပ်ခြင်းနှင့် ရောင်းဝယ်ခြင်း၊ စီးပွားဖြစ် သစ်ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ ပြန်လည်စိုက်ပျိုးရန်မလွယ်သော သစ်နှင့် သစ်တောထွက်ပစ္စည်းများ၊ ပိုက်မျောများဖြင့် ပင်လယ်တွင်း ငါးဖမ်းခြင်း၊ အန္တရာယ်ရှိသော ဓာတုပစ္စည်းများ၊ အတင်းအကြပ်ခိုင်းစေခြင်း/ ကလေးသူငယ်အလုပ်သမားများ ငှားရမ်းထားခြင်းရှိသော လုပ်ငန်းများ စသည့်ကဏ္ဍများသည် ESG စံချိန်စံညွှန်းများနှင့် မကိုက်ညီသဖြင့် ရင်းနှီးမြှုပ်နှံခြင်းနှင့် ဘဏ္ဍာရေးအထောက်အပံ့ပေးရန်မသင့်သော လုပ်ငန်းများအဖြစ် IFC မှ သတ်မှတ်ထားပါသည်။*

# စီးပွားရေးသမာသမတ်ရှိခြင်းဆိုသည် မှာ အဘယ်နည်း?

*စည်းကမ်းလိုက်နာခြင်း၊ နာမည်ပျက်မရှိခြင်းနှင့် ငွေဒဏ်၊ ထောင်ဒဏ်ကြီးကြီးမားမား ကျခံစေနိုင်သည့် လုပ်ငန်းလည်ပတ်မှုအန္တရာယ်များ မရှိခြင်းတို့ သေချာအောင် ဘဏ္ဍာရေးမန်နေဂျာက ကုမ္ပဏီနှင့် ရင်းနှီးမြှုပ်နှံမှုမပြုလုပ်မီ ထိုကုမ္ပဏီ၏ စီးပွားရေးသမာသမတ်ရှိခြင်းကို အကဲဖြတ်စစ်ဆေးရပါသည်။*

- **အကျင့်ပျက်မှုကို ဆန့်ကျင်ခြင်း** - အကျင့်ပျက်ခြစားခြင်းဆိုသည်မှာ တာဝန်နှင့် ဝတ္တရားများ ဖောက်ဖျက်ပြီး ရရှိမည့် အကျိုးရလဒ်နှင့် ငွေကြေး (သို့) အခြားသော အကျိုးအမြတ်နှင့် ဖလှယ်ယူခြင်းဖြစ်သည်။ ဥပမာ - လာဘ်ပေးလာဘ်ယူခြင်း၊ တံစိုးလက်ဆောင်ပေးခြင်းတို့ ဖြစ်သည်။

- **စီးပွားရေးပိတ်ဆို့မှုများ** - ကုန်သွယ်ရေး (သို့) ခရီးသွားလာခြင်းဆိုင်ရာ ပိတ်ဆို့အရေးယူမှုများသည် ပြည်တွင်း (သို့) နိုင်ငံတကာ အဖွဲ့အစည်းများက နိုင်ငံရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ အကြောင်းပြချက်များကြောင့် ပြုလုပ်ခြင်းဖြစ်ပြီး နောက်ကွယ်တွင်လည်း ရာဇဝတ်မှုဆိုင်ရာပြစ်ဒဏ်များ ပြင်းထန်စွာ ပြဋ္ဌာန်းထား တတ်ပါသည်။

- **ငွေကြေးခဝါချမှု ဆန့်ကျင်ခြင်း** - ငွေကြေးခဝါချခြင်းဆိုသည်မှာ ရာဇဝတ်မှုနှင့် မလွတ်ကင်းသောလုပ်ငန်းများမှ ရရှိသောအမြတ်ငွေများကို သံသယအဖြစ် မခံရအောင် ရင်းမြစ်ဖျောက်ကာ ဖုံးကွယ်သည့် လုပ်ငန်းစဉ်ဖြစ်သည်။ ရာဇဝတ်မှုနှင့် မလွတ်ကင်းသော လုပ်ငန်းများတွင် မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ လုယက်မှုနှင့် အကျင့်ပျက်ခြစားမှုများ ပါဝင်သည်။

- **သတင်းပေး တိုင်တန်းခြင်း** - ကုမ္ပဏီက လက်မခံနိုင်သော အပြုအမူများကို အမှန်တကယ်ပြုလုပ်ခြင်း (သို့) ပြုလုပ်ရန် ကြိုးစားခြင်းရှိကြောင်း သံသယဖြစ်စရာ အထောက်အထားများရှိသဖြင့် ဝန်ထမ်း (သို့) ပြင်ပမှ တစုံတဦးသည် ကုမ္ပဏီထံသို့ သတင်းပို့ခြင်းဖြစ်သည်။ ကောင်းမွန်စွာ အကောင်အထည်ဖော်ထားသော သတင်းပေးတိုင်တန်းမှုစနစ်သည် အကျင့်ပျက်မှုကို တိုင်တန်းအစီရင်ခံရန် အားပေးနိုင်စွမ်းရှိပါသည်။




*ရင်းမြစ်* - [CDC Business Integrity, ESG Toolkit]

# ကော်ပိုရိတ် စီမံအုပ်ချုပ်မှုစနစ်ဆိုသည်မှာ အဘယ်နည်း?

*ကော်ပိုရိတ် စီမံအုပ်ချုပ်မှုစနစ် ဆိုသည်မှာ ကုမ္ပဏီတစ်ခု၏ စီမံခန့်ခွဲမှုနှင့် လမ်းကြောင်းကို တည့်မတ်စေသော အခြေခံအုတ်မြစ်ဖွဲ့စည်းပုံနှင့် လုပ်ငန်းစဉ်များဖြစ်သည်။ ကောင်းမွန်သော ကော်ပိုရိတ် စီမံအုပ်ချုပ်မှုစနစ် ရှိခြင်းသည် ရင်းနှီးမြှုပ်နှံမှုတန်ဖိုးကို တိုးတက်စေပြီး ဖြစ်ပေါ် နိုင်ချေရှိသည့်အန္တရာယ်များကို လျှော့ကျစေသည်။*

- **ကောင်းမွန်သောအုပ်ချုပ်မှုကို အလေးထားခြင်း** - အဖွဲ့အစည်း ဖွဲ့စည်းပုံ၊ အဓိက လုပ်ငန်းဆောင်တာများနှင့် မဟာဗျူဟာကျသော စီမံကိန်းများ ရှင်းလင်းပြတ်သားမှုရှိခြင်းသည် ရင်းနှီးမြှုပ်နှံသူများအား ပြောင်းလဲနေသော စီးပွားရေးစီမံကိန်းများကို သိလွယ်စေပါသည်။
- **ဆုံးဖြတ်ချက်ချခြင်းနှင့် မဟာဗျူဟာကြီးကြပ်ခြင်း** - ပြင်ပအကြံပေးသူများကို ချဉ်းကပ်ကာ အကြံဉာဏ်ရယူပြီး အဓိက ဆုံးဖြတ်ချက်များကို အမှုဆောင် အရာရှိများက အဖွဲ့တစ်ခုအနေဖြင့် ချမှတ်သည့်အပြင် အရေးပါသည့်ရာထူး နေရာများကို ဆက်ခံမည့်သူ လျာထားခြင်းများကိုလည်း ပြုလုပ်ထားရပါသည်။
- **စီးပွားရေးဝန်းကျင်နှင့် လုပ်ငန်းစဉ်များကို ထိန်းချုပ်ခြင်း** - ရင်းနှီးမြှုပ်နှံသူများကို ဆက်သွယ်၍ အရဲစွန့်ကာပြုလုပ်ရမည့် စီမံခန့်ခွဲမှုများကို တင်ပြခြင်း၊ သင့်တော်သော စာရင်းကိုင်စနစ်နှင့် ငွေပေးချေခြင်းလုပ်ငန်းစဉ်များ ထားရှိခြင်း တို့ကို ဆိုလိုပါသည်။
- **ပွင့်လင်းမြင်သာမှုရှိခြင်း** - ရှယ်ယာရှင်များနှင့် အခြား သက်ဆိုင်သူများကို ဘဏ္ဍာရေးနှင့် ဘဏ္ဍာရေးမဟုတ်သော အခြားကိစ္စများကို သင့်တင့်ပြီး ယုံကြည်စိတ်ချရသော အစီရင်ခံချက်များကို ရှယ်ယာရှင်များနှင့် အခြား သက်ဆိုင်သူများထံ အချိန်နှင့်တစ်ပြေးညီ တင်ပြခြင်းကို ဆိုလိုပါသည်။
- **ပိုင်ဆိုင်မှု** - သီးသန့်အကျိုးခံစားခွင့်ပိုင်ဆိုင်မှုကို ထုတ်ဖော်ခြင်း၊ မိသားစုနှင့် မိသားစုမဟုတ်သောကိစ္စများကို ခွဲခြားထားခြင်း၊ အစုရှယ်ယာရှင်များနှင့် ပုံမှန်ဆက်သွယ်မှုရှိခြင်းတို့ကို ဆိုလိုပါသည်။




*ရင်းမြစ် - CGDF SME Governance Tool, IFC CG Methodology for SMEs*

နောက်ဆက်တွဲ - SGB Toolkit

# မြန်မာနိုင်ငံရှိ အဓိကရင်းနှီးမြှုပ်နှံသူများအကြောင်း သိကောင်းစရာများ

# မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံသူများအကြောင်း အကျဉ်းချုပ် [၁/၆]

*မျိုးစေ့ချရင်းနှီးမြှုပ်နှံသူများ၊ လုပ်ငန်းဖွံ့ဖြိုးမှု အရှိန်မြှင့်တင်ပေးသူများ၊ လုပ်ငန်းရင်းနှီးရန်ပုံငွေအဖွဲ့အစည်းများ*

| ရင်းနှီးမြှုပ်နှံသူအမည် | အမျိုးအစား | ဦးစားပေးကဏ္ဍနှင့် ဒေသ | ရင်းနှီးမြှုပ်နှံမှု ပမာဏ ညွှန်ကိန်း | သိမှတ်ဖွယ်အချက်များ |
|---|---|---|---|---|
| Phandeeyar | လုပ်ငန်းဖွံ့ဖြိုးမှုအရှိန်မြှင့်တင်ပေးသူ | **ဦးစားပေးကဏ္ဍ** - နည်းပညာလုပ်ငန်း စတင်တည်ထောင်ခြင်း<br>**ဦးစားပေးဒေသ** - မြန်မာ | US$ ၂ သောင်းခွဲအထိ | • စတင်တည်ထောင်ချိန် - ၂၀၁၅<br>• စီမံအုပ်ချုပ်ရေး - ပိုင်ဟိန်းထက် (New Ventures Manager)<br>• Website - www.phandeeyar.org<br>• ဆက်သွယ်ရန် - +၉၅ ၉ ၄၂၀၂၅၃ ၁၉၄ \| info@phandeeyar.org<br>• အကျိုးတူကုမ္ပဏီများ - Resdi, Recycle, Konesi, MMTutors, Chate Sat, etc. |
| one to watch | လုပ်ငန်းဖွံ့ဖြိုးမှုအရှိန်မြှင့်တင်ပေးသူ၊ လုပ်ငန်းပျိုးထောင်ပေးသူ – ကောင်းမွန်သော သက်ရောက်မှုရှိစေရန် ရည်ရွယ်သူ။ | **ဦးစားပေးကဏ္ဍ** - စိုက်ပျိုးရေး၊ FMCG၊ ပြန်လည်အသုံးပြုနိုင်သော စွမ်းအင်<br>**ဦးစားပေးဒေသ** - နီပေါ၊ မြန်မာ | US$ ၀.၁ - ၀.၆ သန်း၊ လက်ရှိတွင် ရင်းနှီးမြှုပ်နှံမှု မပြုလုပ်ရသေးပါ။ | • စတင်တည်ထောင်ချိန် - ၂၀၁၉<br>• စီမံအုပ်ချုပ်ရေး - Robbert Groenen (Director, Myanmar)<br>• Website - https://onetowatch.nl/<br>• ဆက်သွယ်ရန် - +၉၅ ၉ ၇၈၅ ၂၅၄ ၃၂၅ \| info.mm@onetowatch.nl |
| ICM Infrastructure Capital for Development in Myanmar | **လုပ်ငန်းရင်းနှီးရန် ပုံငွေအဖွဲ့အစည်း များ**(VC) | **ဦးစားပေးကဏ္ဍ** - စိုက်ပျိုးရေး၊ ပြန်လည်အသုံးပြုနိုင်သော စွမ်းအင်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး<br>**ဦးစားပေးဒေသ** - မြန်မာ | US$ ၁ - ၅ သန်း | • စတင်တည်ထောင်ချိန် - ၂၀၁၅<br>• စီမံအုပ်ချုပ်ရေး - Yanis Boudjouher (Managing Director)<br>• Website - www.icm-asia.com<br>• ဆက်သွယ်ရန် - +၉၅ ၉ ၄၂၆ ၇၈၅ ၈၈၀ \| enquires@infracapmyanmar.com<br>• အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးရန်ပုံငွေထောက်ပံ့ပေးပြီး ရေဝတီ စပါးခွံလောင်စာတောင့်လုပ်ငန်းနှင့် မြန်မာ့လေအားလျှပ်စစ်လုပ်ငန်း စသည်တို့တွင် ရင်းနှီးမြှုပ်နှံထားပါသည်။ |
| CITY VENTURES | **လုပ်ငန်းရင်းနှီးရန် ပုံငွေအဖွဲ့အစည်း များ**(VC)၊ အကျိုးတူ အရင်းအနှီး ကော်ပိုရေးရှင်း။ | **ဦးစားပေးကဏ္ဍ** - E-Commerce၊ လက်လီရောင်းဝယ်ရေး၊ ထောက်ပံ့ပို့ဆောင်ရေး၊ အစားအသောက်နှင့် အဖျော်ယမကာ<br>**ဦးစားပေးဒေသ** - မြန်မာ | US$ ၀.၅ - ၃ သန်း | • စတင်တည်ထောင်ချိန် - ၂၀၂၀<br>• စီမံအုပ်ချုပ်ရေး - Tauriq Brown (CEO)<br>• Website: www.cityventures.com.mm<br>• ဆက်သွယ်ရန် - +၉၅ ၉ ၆၆၀ ၀၆၆ ၆၆၆ \| hello@cityventures.com.mm<br>• အကျိုးတူကုမ္ပဏီများ - Ninja Van, Food2U, Shopper+, etc.<br>• City Invest Fund အစီအစဉ်ကို စတင်ထားပြီး အသေးစားနှင့်အလတ်စား စားသောက်ကုန်ထုတ်လုပ်မှု လုပ်ငန်းများဖွံ့ဖြိုးရေးကို ဦးစားပေးထောက်ပံ့လျက်ရှိပါသည်။ |

# မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံသူများအကြောင်း အကျဉ်းချုပ် [၂/၆]

*မျိုးစေ့ချရင်းနှီးမြှုပ်နှံသူများ၊ လုပ်ငန်းဖွံ့ဖြိုးမှု အရှိန်မြှင့်တင်ပေးသူများ၊ လုပ်ငန်းရင်းနှီးရန်ပုံငွေအဖွဲ့အစည်းများ*

| ရင်းနှီးမြှုပ်နှံသူအမည် | အမျိုးအစား | ဦးစားပေးကဏ္ဍနှင့် ဒေသ | ရင်းနှီးမြှုပ်နှံမှု ပမာဏ ညွှန်ကိန်း | သိမှတ်ဖွယ်အချက်များ |
|---|---|---|---|---|
| INSITOR MANAGEMENT | **လုပ်ငန်းရင်းနှီးရန်ပုံငွေအဖွဲ့အစည်းများ**(VC) ၊ ကောင်းမွန်သော သက်ရောက်မှုရှိရန် ရည်ရွယ်သူ။ | **ဦးစားပေးကဏ္ဍ** - ပြန်လည်အသုံးပြုနိုင်သောစွမ်းအင်၊ စိုက်ပျိုးရေး၊ သက်ရောက်မှုကောင်းရစေရန် ရည်ရွယ်၍ ရင်းနှီးမြှုပ်နှံခြင်းများ<br>**ဦးစားပေးဒေသ** - အာရှနယ်စပ်ဒေသများ | US$ ၀.၅ - ၅ သန်း | • စတင်တည်ထောင်ချိန် - ၂၀၁၃<br>• စီမံအုပ်ချုပ်ရေး - Bradley Kopsick (Country Manager)<br>• Website - www.insitorpartners.com<br>• ဆက်သွယ်ရန် - bkopsick@insitormanagement.com<br>• အကျိုးတူကုမ္ပဏီများ - Alliance MFI, SolarHome |
| YGA | **လုပ်ငန်းရင်းနှီးရန်ပုံငွေအဖွဲ့အစည်းများ** (VC) | **ဦးစားပေးကဏ္ဍ** - ကဏ္ဍမရွေးပါ<br>**ဦးစားပေးဒေသ** - မြန်မာ | - | • စတင်တည်ထောင်ချိန် - ၂၀၁၂<br>• စီမံအုပ်ချုပ်ရေး - သူရကိုကို (Managing Director)<br>• ဆက်သွယ်ရန် - +၉၅ ၁ ၁၂၂၁ ၁၂၈ |
| Yangon Capital Partners | **လုပ်ငန်းရင်းနှီးရန်ပုံငွေအဖွဲ့အစည်းများ**(VC) | **ဦးစားပေးကဏ္ဍ** - ပညာရေး၊ ကျန်းမာရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာကုမ္ပဏီများ<br>**ဦးစားပေးဒေသ** - မြန်မာ | US$ သောင်းဂဏန်းမှ သိန်းဂဏန်းအထိ | • စတင်တည်ထောင်ချိန် - ၂၀၁၈<br>• စီမံအုပ်ချုပ်ရေး - တင်မင်းထွဋ် (Associate Director)<br>• Website - https://yangoncapitalpartners.com/<br>• ဆက်သွယ်ရန်- +၉၅ ၉ ၇၇၉ ၉၈၇ ၈၇၈<br>• အကျိုးတူကုမ္ပဏီများ - Flexible Pass, Konesi |
| EME Emerging Markets Entrepreneurs | **လုပ်ငန်းရင်းနှီးရန်ပုံငွေအဖွဲ့အစည်းများ**(VC) | **ဦးစားပေးကဏ္ဍ** - ကဏ္ဍမရွေးပါ<br>**ဦးစားပေးဒေသ** - မြန်မာ | US$ ၅ သောင်းမှ ၀.၂၅ သန်းအထိ | • စတင်တည်ထောင်ချိန် - ၂၀၁၈၊ အဓိကရင်းနှီးမြှုပ်နှံသူ - DGGF, UMJ Ikeya<br>• စီမံအုပ်ချုပ်ရေး - Hitoshi Ikeya (Investment Director)<br>• Website - https://www.eme.asia/<br>• ဆက်သွယ်ရန် - +၉၅ ၉ ၇၉၆ ၁၁၁ ၉၅၅ \| hello@eme.asia<br>• အကျိုးတူကုမ္ပဏီများ - Kyarlay, Ezay, CarsDB, Joosk, Natural Farm Fresh, etc. |
| ANDAMAN CAPITAL PARTNERS | **လုပ်ငန်းရင်းနှီးရန်ပုံငွေအဖွဲ့အစည်းများ**(VC) | **ဦးစားပေးကဏ္ဍ** - စွန့်ပစ်ပစ္စည်းပြန်လည် အသုံးချရေး၊ ဘဏ္ဍာရေးဝန်ဆောင်မှုများ၊ ပြန်လည်အသုံးပြုနိုင်သော စွမ်းအင်<br>**ဦးစားပေးဒေသ** - မြန်မာ | US$ ၀.၅ သန်းအထိ | • စီမံအုပ်ချုပ်ရေး - Gill Pattison (Principal)<br>• Website - http://www.andamancapitalpartners.com<br>• ဆက်သွယ်ရန် - +၉၅ ၁ ၅၃၈ ၄၅၇ \| info@andamancapitalpartners.com<br>• အကျိုးတူကုမ္ပဏီများ - Myanmar Recycles |

# မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံသူများအကြောင်း အကျဉ်းချုပ် [၃/၆]

*ပုဂ္ဂလိကရှယ်ယာလုပ်ငန်းများ (PE)*

| ရင်းနှီးမြှုပ်နှံသူအမည် | အမျိုးအစား | ဦးစားပေးကဏ္ဍနှင့် ဒေသ | ရင်းနှီးမြှုပ်နှံမှု ပမာဏ ညွှန်ကိန်း | သိမှတ်ဖွယ်အချက်များ |
|---|---|---|---|---|
| ANTHEM ASIA | ပုဂ္ဂလိကရှယ်ယာ လုပ်ငန်း (PE) | **ဦးစားပေးကဏ္ဍ** - စိုက်ပျိုးစီးပွားရေး၊ အစားအသောက်နှင့်ယမကာ၊ ဘဏ္ဍာရေး ဝန်ဆောင်မှုများ၊ FMCG၊ ပညာရေး၊ ကျန်းမာရေး၊ ပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး စသည်ဖြင့်<br>**ဦးစားပေးဒေသ** - မြန်မာ | US$ ၁ - ၅ သန်း | • စတင်တည်ထောင်ချိန် - ၂၀၁၂<br>• စီမံအုပ်ချုပ်ရေး - Josephine Price (Managing Director)<br>• Website - http://www.anthemasia.com<br>• ဆက်သွယ်ရန် - +၉၅ ၁ ၉၂၅၅ ၂၀၄ \| info@anthemasia.com<br>• စီမံအုပ်ချုပ်နေသော ပမာဏ - US$ ၃၄.၅ သန်း (၂၀၂၀)<br>• အဓိကရင်းနှီးမြှုပ်နှံသူများ - CDC, IFC, DGGF<br>• အကျိုးတူကုမ္ပဏီများ - Rangoon Tea House, Blink, SolarHome, Thalun International School, etc. |
| MYANMAR STRATEGIC HOLDINGS | ပုဂ္ဂလိကရှယ်ယာ လုပ်ငန်း (PE) | **ဦးစားပေးကဏ္ဍ** - ပညာရေး၊ ဝန်ဆောင်မှုများ၊ ခရီးသွားလာရေး၊ ကျန်းမာရေး စသည်ဖြင့်<br>**ဦးစားပေးဒေသ** - ထွန်းတောက်လာသည့် အရှေ့တောင်အာရှ ဒေသများ | US$ ၀.၅ - ၅ သန်း | • စတင်တည်ထောင်ချိန် - ၂၀၁၃<br>• စီမံအုပ်ချုပ်ရေး - Enrico Cesenni (CEO)<br>• Website - https://ms-holdings.com/<br>• ဆက်သွယ်ရန် - +၉၅ ၉ ၄၃၁ ၁၁၁ ၆၁ \| enquiry@ms-holdings.com<br>• စီမံအုပ်ချုပ်နေသော ပမာဏ - US$ သန်း ၂၀ (၂၀၂၀)<br>• အကျိုးတူကုမ္ပဏီများ - Wall Street English (Myanmar and Vietnam), Yangon American International School, Auston College, EXERA Myanmar, Ostello Bello |
| EMIA | ပုဂ္ဂလိကရှယ်ယာ လုပ်ငန်း (PE) | **ဦးစားပေးကဏ္ဍ** - စိုက်ပျိုးစီမံရေး၊ ဘဏ္ဍာရေးဝန်ဆောင်မှုများ၊ အစားအသောက်နှင့် ယမကာ၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး ဝန်ဆောင်မှုများ၊ စားသုံးသူဝန်ဆောင်မှုများ<br>**ဦးစားပေးဒေသ** - လာအို၊ ကမ္ဘောဒီးယား၊ မြန်မာ | US$ ၃ - ၁၄ သန်း ပူးတွဲရင်းနှီးမြှုပ်နှံမှု လည်း ပြုလုပ်ပါသည်။ | • စတင်တည်ထောင်ချိန် - ၂၀၁၅<br>• စီမံအုပ်ချုပ်ရေး - Trent Eddy (Chief Investment Officer)<br>• Website - http://www.emergingmarkets.asia/investments/<br>• ဆက်သွယ်ရန် - trent.eddy@emergingmarkets.asia<br>• စီမံအုပ်ချုပ်နေသော ပမာဏ - US$ ၆၅ သန်း (၂၀၂၀)<br>• အဓိကရင်းနှီးမြှုပ်နှံသူများ - CDC, IFC, FMO, Norfund<br>• အကျိုးတူကုမ္ပဏီများ - Oway, Shwe Property, Myanmar Food for Thought, Microfinance Delta International |

# မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံသူများအကြောင်း အကျဉ်းချုပ် [၄/၆]

*ပုဂ္ဂလိကရှယ်ယာလုပ်ငန်းများ (PE)*

| ရင်းနှီးမြှုပ်နှံသူအမည် | အမျိုးအစား | ဦးစားပေးကဏ္ဍနှင့် ဒေသ | ရင်းနှီးမြှုပ်နှံမှု ပမာဏ ညွှန်ကိန်း | သိမှတ်ဖွယ်အချက်များ |
| --- | --- | --- | --- | --- |
| Daiwa PI Partners | ပုဂ္ဂလိကရှယ်ယာ လုပ်ငန်း (PE) | **ဦးစားပေးကဏ္ဍ** - နည်းပညာ၊ စိုက်ပျိုးရေး၊ ပညာရေး၊ ဘဏ္ဍာရေးဝန်ဆောင်မှုများ၊ ခရီးသွားလာရေး၊ FMCG၊ ကျန်းမာရေး စသည်ဖြင့်<br>**ဦးစားပေးဒေသ** - အာရှ | US$ ၂ - ၁၅ သန်း | • စတင်တည်ထောင်ချိန် - ၂၀၁၉<br>• စီမံအုပ်ချုပ်ရေး - Yusuke Takahashi (Chief Myanmar Representative)<br>• Website - http://www.dpipartners.co.jp/english/<br>• စီမံအုပ်ချုပ်နေသော ပမာဏ - US$ သန်း ၃၀ (၂၀၁၉)<br>• အဓိက ရင်းနှီးမြှုပ်နှံသူများ - Daiwa PI Partners, Daiwa PI Investment and Taiyo Life Insurance Company<br>• အကျိုးတူကုမ္ပဏီများ - Frontiir, Oway, Rent2Own, Rgo47, and DO microfinance |
| ascent | ပုဂ္ဂလိကရှယ်ယာ လုပ်ငန်း (PE) | **ဦးစားပေးကဏ္ဍ** - နည်းပညာ၊ တယ်လီကွန်း၊ မီဒီယာ၊ ပညာရေး၊ ဘဏ္ဍာရေးဝန်ဆောင်မှုများ၊ ကျန်းမာရေး၊ FMCG၊ ရေရှည်စီးပွားဖြစ်ထွန်းမည့် အလားအလာရှိသည့် ကဏ္ဍများကိုလည်း စိတ်ဝင်စားပါသည်<br>**ဦးစားပေးဒေသ** - မြန်မာ | US$ ၅ သန်းကျော် | • စတင်တည်ထောင်ချိန် - ၂၀၁၉<br>• စီမံအုပ်ချုပ်ရေး - Lim Chong Chong (Founder, Managing Partner)<br>• Website - https://ascentcapitalasia.com/<br>• ဆက်သွယ်ရန် - +၉၅ ၁ ၉၂၅၃ ၇၂၃ \| partner@ascentcapasia.com<br>• စီမံအုပ်ချုပ်နေသော ပမာဏ - US$ ၈၈ သန်း (၂၀၂၀)<br>• အဓိက ရင်းနှီးမြှုပ်နှံသူများ - Temasek, ADB, JG Summit Holdings, Tony Chew, Aung Moe Kyaw (MDC Group)<br>• အကျိုးတူကုမ္ပဏီများ - Frontiir |
| DELTA CAPITAL MYANMAR | ပုဂ္ဂလိကရှယ်ယာ လုပ်ငန်း (PE) | **ဦးစားပေးကဏ္ဍ** - ဘဏ္ဍာရေး ဝန်ဆောင်မှု၊ တယ်လီကွန်း၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ FMCG စသည်ဖြင့်<br>**ဦးစားပေးဒေသ** - မြန်မာ | US$ ၅ - ၃၀ သန်း၊ ပူးတွဲရင်းနှီးမြှုပ်နှံလျှင် သန်း ၅၀ အထိ | • စတင်တည်ထောင်ချိန် - ၂၀၁၃<br>• စီမံအုပ်ချုပ်ရေး - Nick Powell (Managing Partner)<br>• Website - http://www.deltacapital.com<br>• ဆက်သွယ်ရန် - +၉၅ ၁ ၉၂၅၃ ၇၂၃ \| info@deltacapital.com<br>• စီမံအုပ်ချုပ်နေသော ပမာဏ - US$ သန်း ၁၂၀ (၂၀၂၀)<br>• အဓိက ရင်းနှီးမြှုပ်နှံသူများ - CDC, Norfund, IFU<br>• အကျိုးတူကုမ္ပဏီများ - Frontiir, Easy Microfinance, MM Interplast, Seagram Myanmar, Commercial Plastics Company (CPC) |

# မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံသူများအကြောင်း အကျဉ်းချုပ် [၅/၆]

*အလတ်စားနှင့် အကြီးစားလုပ်ငန်းများအတွက် ပြည်သူ့အဖွဲ့အစည်း/ ဖွံ့ဖြိုးရေး ရန်ပုံငွေအဖွဲ့အစည်း (DFIs)*

| ရင်းနှီးမြှုပ်နှံသူအမည် | အမျိုးအစား | ဦးစားပေးကဏ္ဍနှင့် ဒေသ | ရင်းနှီးမြှုပ်နှံမှု ပမာဏ ညွှန်ကိန်း | သိမှတ်ဖွယ်အချက်များ |
| --- | --- | --- | --- | --- |
| FMO Entrepreneurial Development Bank | ဖွံ့ဖြိုးရေး ရန်ပုံငွေ အဖွဲ့အစည်း (DFIs) | **ဦးစားပေးကဏ္ဍ** - ဘဏ္ဍာရေး ဝန်ဆောင်မှု၊ အခြေခံအဆောက်အအုံ၊ စိုက်ပျိုးစီးပွားရေး၊ ထုတ်ကုန်နှင့်ဝန်ဆောင်မှုများ<br>**ဦးစားပေးဒေသ** - ကမ္ဘာနှင့်အဝှမ်း | ဘဏ္ဍာရေးအရ US$ သန်း ၂၀ အထိ | • စတင်လှုပ်ရှားသည့်အချိန် - ၂၀၁၅<br>• Website - https://www.fmo.nl/<br>• ဆက်သွယ်ရန် - info@fmo.nl<br>• ပိုမိုကျယ်ပြန့်ပြီး ပိုမိုအားကောင်းသည့် စီးပွားရေးစီမံကိန်းများကို ဘဏ္ဍာရေးအရ ထောက်ပံ့သည်။<br>• ရန်ပုံငွေ - ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ဒတ်ချ်နိုင်ငံအစိုးရ၏ ရန်ပုံငွေထောက်ပံ့မှု |
| CDC Investment works | ဖွံ့ဖြိုးရေး ရန်ပုံငွေ အဖွဲ့အစည်း (DFIs) | **ဦးစားပေးကဏ္ဍ** - ဘဏ္ဍာရေး ဝန်ဆောင်မှု၊ ဆက်သွယ်ရေး၊ ပညာရေး၊ ထုတ်ကုန်လုပ်ငန်း၊ စိုက်ပျိုးရေး၊ ဆောက်လုပ်ရေး စသည်ဖြင့်<br>**ဦးစားပေးဒေသ** - ကမ္ဘာနှင့်အဝှမ်း | US$ ၁၀ - ၂၃ သန်းအထိ အကျိုးတူရင်းနှီးမြှုပ်နှံမည်။ | • စတင်လှုပ်ရှားသည့်အချိန် - ၂၀၁၄<br>• စီမံအုပ်ချုပ်ရေး - မျိုးဇင် (နိုင်ငံကိုယ်စားပြု ကိုယ်စားလှယ်)<br>• Website - https://www.cdcgroup.com/en/<br>• ဆက်သွယ်ရန် - enquiries@cdcgroup.com<br>• ရန်ပုံငွေ - ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် UK အစိုးရ၏ ရန်ပုံငွေထောက်ပံ့မှု<br>• ပုဂ္ဂလိကရှယ်ယာ (PE) များ ထည့်ဝင်မှု - Delta Capital (US$ ၁၅ သန်း) နှင့် Insitor Management (US$ ၁၅ သန်း), Anthem Asia (US$ ၁၀ သန်း)<br>• အကျိုးတူကုမ္ပဏီများ - Frontiir (US$ ၂၃ သန်း၊ အကျိုးတူ), Irrawaddy Green Towers (US$ သန်း ၅၀၊ အကြွေးစနစ်) |
| IFC International Finance Corporation World Bank Group Creating Markets, Creating Opportunities | ဖွံ့ဖြိုးရေး ရန်ပုံငွေ အဖွဲ့အစည်း (DFIs) | **ဦးစားပေးကဏ္ဍ** - အခြေခံအဆောက်အအုံ၊ စွမ်းအင်၊ ဆက်သွယ်ရေး၊ ဘဏ္ဍာရေးဝန်ဆောင်မှု စသည်ဖြင့်<br>**ဦးစားပေးဒေသ** - ကမ္ဘာနှင့်အဝှမ်း | US$ ၁ - ၇ သန်းအထိ အကျိုးတူ ရင်းနှီးမြှုပ်နှံမည်။ Yoma Bank အတွက် ချေးငွေ US$ သန်း ၇၇၀ ထောက်ပံ့ပေးထားသည်။ | • စတင်လှုပ်ရှားသည့်အချိန် - ၂၀၁၂<br>• စီမံအုပ်ချုပ်ရေး - Yuan Xu (Country Manager)<br>• Website - https://www.ifc.org/<br>• ဆက်သွယ်ရန် - yxu1@ifc.org \| +၉၅ ၁ ၉၂၅၅ ၀၂၀<br>• ရန်ပုံငွေ - ကမ္ဘာဘဏ်အဖွဲ့နှင့် အနီးကပ်ဆက်ဆံရေးရှိသော အလှူရှင်နိုင်ငံများ<br>• အကျိုးတူကုမ္ပဏီများ - Yoma Group, Myanmar Oriental Bank, Acleda MFI, Maha Agriculture Public Company |

*မှတ်ချက်။ DFIs များသည် US$ ၅ သန်းနှင့်အထက် ရင်းနှီးမြှုပ်နှံမှုများကို ရှာဖွေလေ့ရှိသဖြင့် SGBs များအတွက် နောက်ပိုင်းအဆင့် ရင်းနှီးမြှုပ်နှံမှုများနှင့် ပို၍ သင့်တော်ပါသည်။*

# မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံသူများအကြောင်း အကျဉ်းချုပ် [၆/၆]

*အလတ်စားနှင့် အကြီးစားလုပ်ငန်းများအတွက် ပြည်သူ့အဖွဲ့အစည်း/ ဖွံ့ဖြိုးရေး ရန်ပုံငွေအဖွဲ့အစည်း (DFIs)*

| ရင်းနှီးမြှုပ်နှံသူအမည် | အမျိုးအစား | ဦးစားပေးကဏ္ဍနှင့် ဒေသ | ရင်းနှီးမြှုပ်နှံမှု ပမာဏ ညွှန်ကိန်း | သိမှတ်ဖွယ်အချက်များ |
|---|---|---|---|---|
| Norfund | ဖွံ့ဖြိုးရေး ရန်ပုံငွေ အဖွဲ့အစည်း (DFIs) | **ဦးစားပေးကဏ္ဍ** - ပြန်လည်အသုံးပြုနိုင်သော စွမ်းအင်၊ ဘဏ္ဍာရေး ဝန်ဆောင်မှုများ၊ ဆက်သွယ်ရေး၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေး၊ ပညာရေး<br>**ဦးစားပေးဒေသ** - ကမ္ဘာနှင့်အဝှမ်း | US$ ၀.၅ - ၃၅.၄ သန်း အထိ အကျိုးတူ ရင်းနှီးမြှုပ်နှံမှု | • စတင်လုပ်ရှားသည့်အချိန် - ၂၀၁၁<br>• စီမံအုပ်ချုပ်ရေး - Fay Chetnakarnkul (Regional Director, Asia)<br>• Website - https://www.norfund.no/<br>• ဆက်သွယ်ရန် - post.bangkok@norfund.no<br>• ပိုမိုကျယ်ပြန့်ပြီး ပိုမိုအားကောင်းသည့် စီးပွားရေးစီမံကိန်းများကို ဘဏ္ဍာရေးအရ ထောက်ပံ့သည်။<br>• ရန်ပုံငွေ - ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် နော်ဝေးအစိုးရ၏ ရန်ပုံငွေထောက်ပံ့မှု<br>• ပုဂ္ဂလိကရှယ်ယာ (PE) များ ထည့်ဝင်မှု - EMIA (US$ ၃ သန်း), Delta Capital (US$ ၁၀ သန်း)<br>• အကျိုးတူကုမ္ပဏီများ - Yoma Bank (US$ ၃၅ သန်း), Yoma Micropower (US$ ၁၁ သန်း), Frontiir (US$ ၃ သန်း), Advans MFI (US$ ၇ သန်း) |
| KfW DEG | ဖွံ့ဖြိုးရေး ရန်ပုံငွေ အဖွဲ့အစည်း (DFIs) | **ဦးစားပေးကဏ္ဍ** - စိုက်ပျိုးရေး၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေး၊ ဘဏ္ဍာရေး ဝန်ဆောင်မှုများ၊ ကျန်းမာရေး<br>**ဦးစားပေးဒေသ** - ကမ္ဘာနှင့်အဝှမ်း | US$ ၄ - ၁၂ သန်း | • စတင်လုပ်ရှားသည့်အချိန် - ၂၀၁၉<br>• စီမံအုပ်ချုပ်ရေး - ဂျက်ဆီကာအောင် (Investment Manager)<br>• Website - https://www.deginvest.de/International-financing/DEG/<br>• ဆက်သွယ်ရန် - Jessica.Aung@deginvest.de<br>• ရန်ပုံငွေ - ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ဂျာမန်အစိုးရ၏ ရန်ပုံငွေထောက်ပံ့မှု<br>• အကျိုးတူကုမ္ပဏီများ - Asia Royal Hospital (US$ ၁၂ သန်း), Rent 2 Own Holdings Pte. Ltd (US$ ၄ သန်း) |
| DFC | ဖွံ့ဖြိုးရေး ရန်ပုံငွေ အဖွဲ့အစည်း (DFIs) | **ဦးစားပေးကဏ္ဍ** - ဘဏ္ဍာရေး ဝန်ဆောင်မှုများ၊ နည်းပညာ၊ ဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ အခြေခံ အဆောက်အအုံ<br>**ဦးစားပေးဒေသ** - ကမ္ဘာနှင့်အဝှမ်း | ဘဏ္ဍာရေးချေးငွေ - US$ ၅ - ၂၅၀ သန်း | • စတင်လုပ်ရှားသည့်အချိန် - ၂၀၁၅<br>• စီမံအုပ်ချုပ်ရေး - Geoffrey Tan (Managing Director, Asia Pacific Region)<br>• Website - https://www.dfc.gov/<br>• ဆက်သွယ်ရန် - info@dfc.gov<br>• ရန်ပုံငွေ - ဝင်ငွေအလယ်အလတ်နှင့် ဝင်ငွေနည်းသော နိုင်ငံများအတွက် အမေရိကန် ဖက်ဒရယ်အစိုးရ၏ ရန်ပုံငွေထောက်ပံ့မှု<br>• ချေးငွေထောက်ပံ့ပေးထားသည့်ကုမ္ပဏီများ - AYA Bank, Frontiir, Apollo Towers, etc. |

*မှတ်ချက်။ DFIs များသည် US$ ၅ သန်းနှင့်အထက် ရင်းနှီးမြှုပ်နှံမှုများကို ရှာဖွေလေ့ရှိသဖြင့် SGBs များအတွက် နောက်ပိုင်းအဆင့် ရင်းနှီးမြှုပ်နှံမှုများနှင့် ပို၍ သင့်တော်ပါသည်။*

# ကျေးဇူးတင်ပါသည်။

MPE&VCA
Myanmar Private Equity &
Venture Capital Association

**Myanmar Private Equity & Venture Capital Association**
Website – https://mpevca.org/
ဆက်သွယ်ရန် – info@mpevca.org